**(Burmese Below)**

# Feminist Storytelling Grant

The Storytelling Grant aims to empower individuals and feminist networks and organizations to leverage narrative as a powerful tool for advocacy, awareness, and protection. Successful applications will feature compelling storytelling that aligns with clear human rights objectives, robust implementation plans, and a commitment to ethical and impactful documentation.

By sharing their stories in their own voices and on their own terms, women and gender-diverse individuals challenge the historical tendency for their experiences to be mediated, co-opted, or silenced by others.

The Feminist Storytelling Grant supports individuals, feminist collectives, and grassroots networks using storytelling as a tool for resistance, visibility, and transformative change. In a world where women and gender-diverse people are too often spoken for, erased, or stereotyped—this grant is about reclaiming space, authorship, and power.

We fund storytelling that doesn't just inform—it agitates, mobilizes, and protects. Successful proposals will demonstrate a clear political purpose, grounded human rights objectives, and a commitment to ethical, community-rooted documentation. We want stories that push back. Stories that build movements. Stories that refuse silence.

Because when women and gender-diverse people tell their stories on their own terms, they're not just narrating—they're disrupting the systems that tried to keep them invisible.

Interested applicants need to submit a proposal detailing the project, objectives, activities, and expected impact. The proposal should also include **one** of the following themes.

- **Amplifying Women and Gender-diverse Individuals' Voices and Lived Experiences**: Sharing of personal narratives fosters solidarity and community, helping women and gender-diverse shared struggles and success, in an effort to build a collective identity.
- **Movement building**: Use of feminist storytelling methodologies that are created in safe, inclusive spaces, encouraging participants to listen deeply and empathize with each other's experiences.
- **Challenging Stereotypes and Shifting Public Perceptions**: Storytelling disrupts stereotypes by presenting complex, nuanced portrayals of women—not just as

victims, but as leaders, innovators, and agents of change. These narratives challenge biases held by the public.

- **Intersectionality and Diverse Narratives**: Intersectionality ensures that the experiences of women from diverse backgrounds—across race, class, sexuality, ability, and geography—are included and valued. Stories from marginalized groups (such as LGBTQIA+ communities, Indigenous women, and women with disabilities) enrich the movement's understanding of oppression and resilience, fostering inclusivity and broader coalition-building.
- **Linking the personal and the political:** Feminist storytelling connects individual experiences to collective analysis, helping participants recognize how personal struggles are shaped by systemic forces like patriarchy, racism, and economic inequality.

Acceptable Mediums

- Visual storytelling (photography, film, animation)
- Graphic narratives and infographics
- Written works (essays, poetry, fiction)
- Audio storytelling (podcasts, radio plays)
- Performance-based storytelling (theater, dance)
- Digital and interactive storytelling
- Mixed media approaches

**Key Details at a Glance:**

**Who Can Apply** : Women and LGBTQI+ individuals with demonstrated storytelling experience in their proposed medium.
**Duration**: **3 months (July-September 2025)** to complete storytelling projects from the moment that grant is approved.
**How to Apply** : Endorsement from trusted Organisations, Feminist Network Partner, journalist collective, or Women HRD groups, LGBTQI+ community.
Application Timeline: Rolling Basis (Applications will close once we have selected the grantees)
**Support Provided** : Mentorship, Psychological Support, Skill Development, Community Building and Exhibition Opportunities.

# မဝါဒီ ဇာတ်လမ်းတင်ဆက်ရေး ရန်ပုံငွေ

ဤဇာတ်လမ်းတင်ဆက်ရေး ရန်ပုံငွေ၏ ရည်ရွယ်ချက်မှာ မဝါဒီရေးရာ လှုပ်ရှားဆောင်ရွက်နေသူ တစ်ဦးချင်းစီအတွက်သာမက မဝါဒီ ကွန်ယက်များနှင့် အဖွဲ့အစည်းများတွင်ပါ ဇာတ်လမ်း တင်ဆက်မှု ပညာအား ၎င်းတို့ အရေးဆိုသည့်လုပ်ငန်းများ၊ အသိပညာမြှင့်တင်ရေးနဲ့ အကာအကွယ်ပေးရေး ကိစ္စရပ်များတွင် အင်အားကြီးမားသော နည်းလမ်းကိရိယာတစ်ခုအနေဖြင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာကြစေရန် ဖြစ်ပါသည်။ လျှောက်လွှာ ပေးပို့လာသူများအနက် ရှင်းလင်းပြတ်သားသည့် လူ့အခွင့်အရေးဆိုင်ရာ ရည်မှန်းချက်ရှိသော၊ လက်တွေ့ကျသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအမံရှိသော၊ ကျင့်ဝတ်နှင့် လျော်ညီပြီး အကျိုးဖြစ်ထွန်းစေမည့် မှတ်တမ်းပြုစုရေးလုပ်ငန်းကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်သော သူများကို ရွေးချယ်သွားမည် ဖြစ်ပါသည်။

မိမိဇာတ်ကြောင်းကို ကိုယ်ပိုင်အသံ ကိုယ်ပိုင်ဟန် ပြောကြားခြင်းအားဖြင့် အမျိုးသမီးများနှင့် လိင်ခံယူမှု ကွဲပြားသူများသည် ၎င်းတို့၏ တွေ့ကြုံခံစားရမှုများအား အခြားတပါးသောသူများ၏ ပါးစပ်အငှားဖြင့် ပြောကြားရမှု၊ လွှမ်းမိုးခြယ်လှယ်မှုနဲ့ ပိတ်ပင်မှု အစရှိသော သမိုင်းစဉ်ဆက်တလျှောက်လုံး ကြုံတွေ့ခဲ့ကြရသည့် ပုံသဏ္ဍာန်များကို ဆန့်ကျင်တွန်းလှန်လာခဲ့ကြသည်။

ဤ မဝါဒီ ဇာတ်လမ်းတင်ဆက်ရေး ရန်ပုံငွေသည် ဇာတ်လမ်းတင်ဆက်မှုပညာကို တော်လှန်ရေး၊ မိမိဖြစ်တည်မှုကို အထင်အရှားပြနိုင်ရေးနှင့် အနှစ်သာရရှိသော အပြောင်းအလဲတို့အတွက် လက်နက်ကိရိယာ တစ်ခုအဖြစ် အသုံးပြုနေကြသည့် မဝါဒီ တစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် အခြေခံလူတန်းစား ကွန်ယက်များကို ထောက်ပံ့ကူညီရန်ဖြစ်သည်။ အမျိုးသမီးများနှင့် လိင်စိတ်ခံယူမှုကွဲပြားသောသူများအတွက် ပါးစပ် အငှားဖြင့်သာ စကားပြောခွင့်ရသော၊ ဖျောက်ဖျက်ခံရသော၊ ခေါက်ရိုးအကျိုးအမြင်ဖြင့်သာ ရှုမြင်ခြင်းခံရသော လူ့ဘောင်အသိုင်းအဝိုင်းတွင် ဤရန်ပုံငွေသည် မိမိနေရာမှန်ကိုပြန်လည် ရယူနိုင်ရန်၊ ကိုယ့်ရာဇဝင်ကိုယ် ရေးသားနိုင်စေရန်၊ အာဏာပိုင်စိုးမှု ပြန်လည် ရရှိနိုင်ရန် ရည်ရွယ်ပါသည်။

ဇာတ်ကြောင်းတက်ဆက်ရေးအတွက် ကျွန်ုပ်တို့ ရန်ပုံငွေ ထောက်ပံ့ရာတွင် သတင်းအချက်အလက် တင်ဆက်စေရုံအတွက်သာ မဟုတ်ပါ။ ဤရန်ပုံငွေအားဖြင့် စည်းရုံးလှုံ့ဆော်ရေးနှင့် ဆန့်ကျင်တွန်းလှန်ရေးတို့ ပြုလုပ်သွားကြရန် ဖြစ်ပါသည်။ ရှင်းလင်းတိကျသော နိုင်ငံရေး ရည်ရွယ်ချက်၊ ခိုင်မာအားကောင်းသော လူ့အခွင့်အရေး ပန်းတိုင်၊ စွဲမြဲခိုင်မာသော ကျင့်ဝတ်နှင့် အစုအဖွဲ့ အသိုက်အမြုံကို အခြေတည်သော မှတ်တမ်းတင်ဆက်မှုများကို ပြသနိုင်သည့် လျှောက်လွှာများကို ရွေးချယ်သွားမည် ဖြစ်ပါသည်။ ခုခံတွန်းလှန်သော၊ လှုပ်ရှားမှုများအစပြုပေးသော၊ တိတ်ဆိတ်မှုကို ဖြိုခွင်းသော ဇာတ်လမ်းများကို ကျွန်ုပ်တို့ အလိုရှိပါသည်။

အမျိုးသမီးများနှင့် လိင်စိတ်ခံယူမှုကွဲပြားသူများကိုယ်တိုင် ၎င်းတို့ ဇာတ်ကြောင်းကို ပြောကြားတင်ဆက်သည့် အခါတွင် ၎င်းတို့သည် ပြန်ပြောင်းပြောဆိုနေခြင်း သက်သက်မျှသာ မလုပ်တော့ပဲ ၎င်းတို့ကို ကွယ်ဝှက်ထားသည့် လူမှုရေး-နိုင်ငံရေးစနစ်များကို ချိုးဖွဲ့ဖျက်စီးပစ်နိုင်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာတင်သွင်းမည်ဆိုပါက မိမိပြုလုပ်လိုသည့် စီမံကိန်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် မျှော်မှန်းရလဒ်များကို အသေးစိတ်ရေးသားဖော်ပြထားသည့် အဆိုပြုလွှာတစ်စောင် တင်သွင်းရပါမည်။ အဆိုပြုလွှာတွင် အောက်ပါ အကြောင်းအရာ**တစ်ခု** ပါဝင်ရပါမည်။

- **အမျိုးသမီးများနှင့် လိင်စိတ်ခံယူမှုကွဲပြားသူများ၏ အသံနှင့် ဘဝအတွေ့အကြုံများကို ထင်ရှားစေခြင်း။** ဘုံဇာတိသရုပ် တစ်ခု တည်ဆောက်နိုင်ရေးကို ရှေးရှုသော စည်းလုံးညီညွတ်မှုနှင့် အသိုက်အမြုံရပ်ဝန်းကို ပျိုးထောင်ပေးသည့် ကိုယ်တွေ့ ဇာတ်လမ်းများကို မျှဝေရေး၊ အမျိုးသမီးများနှင့် လိင်စိတ်ခံယူမှုကွဲပြားသူများ အတူတကွ တိုက်ပွဲဝင်ပြီး အောင်ပွဲခံနိုင်စေရန် ကူညီရေး။
- **လှုပ်ရှားမှု တည်ဆောက်ခြင်း။** လုံခြုံမှုရှိပြီး လူတိုင်းပါဝင်နိုင်သော ရပ်ဝန်းများတွင် ဖန်တီးထားသည့် မဝါဒီ ဇာတ်လမ်းတင်ဆက်ရေး နည်းနာများကို အသုံးပြု၍ ပါဝင်သူများကို စိတ်ပါလက်ပါ နားထောင်စေပြီး တစ်ဦးနှင့် တစ်ဦး၏ အတွေ့အကြုံကို စာနာနားလည်မှု ရှိလာစေရေး။
- **ခေါက်ရိုးကျိုးအမြင်များကို စိန်ခေါ်ဆန့်ကျင်ပြီး အများလက်ခံထားသည့် ထင်မြင်ချက်များကို ပြောင်းလဲခြင်း။** ဇာတ်လမ်းတင်ဆက်ရာတွင် အမျိုးသမီးများ၏ ရှုပ်ထွေးပြီး သိမ်မွေ့နက်နဲမှုများကို တင်ပြနိုင်ရေး၊ ပြုသမျှနုရသည့် အားနွဲ့သူ အဖြစ်မျိုးမဟုတ်ဘဲ ခေါင်းဆောင်၊ ဆန်းသစ်တီထွင်သူ၊ အပြောင်းအလဲ သယ်ဆောင်လာသူ အစရှိသည့် ပုံစံများကို တင်ပြခြင်း။ အဆိုပါ ဇာတ်လမ်းတင်ပြမှုပုံစံများသည် အများတကာ လက်ခံထားသည့် လွဲမှားသော အမြင်များကို စိန်ခေါ်နိုင်ပါသည်။
- **အလွှာစုံကန့်လန့်ဖြတ်ဆုံမှတ်နှင့် ကွဲပြားသော အာဘော်များ။** အမျိုးသမီးများ၏ အတွေ့အကြုံသည် လူမျိုး၊ လူတန်းစားအလွှာ၊ လိင်တိမ်းညွတ်မှု၊ စွမ်းရည်၊ နေရာဒေသ မည်သို့ကွာခြားစေကာမူ အလွှာစုံအမြင်ရှိခြင်းအားဖြင့် ၎င်းအတွေ့အကြုံကို တန်ဖိုးထားတတ်စေပါသည်။ အပစ်ပယ်ခံ အုပ်စုများ၏ ဇာတ်ကြောင်းများ (LGBTQIA+ အစုအဖွဲ့များ၊ ဌာနတိုင်းရင်းသူ အမျိုးသမီးများနှင့် မသန်စွမ်း အမျိုးသမီးများ အစရှိသဖြင့်) သည် ဖိနှိပ်ချုပ်ချယ်မှုနှင့် ကြံ့ခိုင်မှုစွမ်းရည်အပေါ် လှုပ်ရှားမှုကြီးတစ်ခုလုံးမှ သိမှတ်နားလည်ထားမှုကို ပို၍ ကြွယ်ဝစေပြီး လူပေါင်းစုံပါဝင်မှုနှင့် ကျယ်ပြန့်သည့် မဟာမိတ် ဖွဲ့စည်းမှု တည်ဆောက်ရေးတို့ကို အားဖြည့်ပေးပါသည်။
- **ပုဂ္ဂိုလ်ရေးနှင့် နိုင်ငံရေး ချိတ်ဆက်ခြင်း။** မဝါဒီ ဇာတ်လမ်းတင်ဆက်ရာတွင် လူပုဂ္ဂိုလ် တစ်ဦးချင်း အတွေ့အကြုံကို စုပေါင်းသရုပ်ခွဲမှုနှင့် ချိတ်ဆက်ပေးခြင်းဖြင့် စနစ်၏ ဖိအားများဖြစ်ကြသည့် မဟာဖိုဝါဒီ၊ လူမျိုးရေးနှင့် ဥစ္စာဓန မညီမျှမှုများ၏ ပုံသွင်းခြင်း ခံရသည့် တစ်ဦးချင်း ရုန်းကန်လှုပ်ရှားမှုများကို ဖန်တီးတင်ဆက်သူအနေဖြင့် မြင်တတ်လာမည်ဖြစ်သည်။

## သတ်မှတ်ကြားခံပစ္စည်းများ

- အမြင်အသားပေး ဇာတ်လမ်းတင်ဆက်ခြင်း (ဓါတ်ပုံ၊ ရုပ်ရှင်၊ အန်နီမေးရှင်း)
- ဂရပ်ဖစ် ဇာတ်လမ်းသွားနှင့် အင်ဖိုဂရပ်ဖစ်များ
- စာပေဖန်တီးမှု (အက်ဆေး၊ ကဗျာ၊ စိတ်ကူးယဉ်ဇာတ်လမ်း)
- အသံဇာတ်လမ်း (ပေါ့ကက်စ်၊ ရေဒီယို ဇာတ်လမ်း)
- ပါဖောမင့်အခြေခံ ဇာတ်လမ်းတင်ဆက်ခြင်း (ပြဇာတ်၊ အက)
- ဒစ်ဂျစ်တယ်နှင့် နှစ်လမ်းသွား ဇာတ်လမ်းတင်ဆက်ခြင်း (interactive storytelling)
- အနုပညာကြားခံပေါင်းစုံပေါင်းစပ်သည့်ပုံစံများ

## လိုအပ်ချက်အသေးစိတ်

**လျှောက်ထားနိုင်သူ။** အဆိုပြုထားသည့် ကြားခံ (medium) ဖြင့် ဇာတ်လမ်းတင်ဆက်နိုင်စွမ်းရည်ပြသနိုင်သည့် အမျိုးသမီးများနှင့် LGBTQI+ များ။
**သတ်မှတ်ကာလ။** ရန်ပုံငွေ အတည်ပြုပေးသည့်အချိန်မှစ၍ **၃ လတာ(ဇူလိုင် - စက်တင်ဘာ ၂၀၂၅)** အတွင်း ဇာတ်လမ်းတင်ဆက်သည့် ပရောဂျက်ကို အပြီးသတသတ်နိုင်ရပါမည်။

**လျှောက်ထားရမည့်ပုံစံ။** လေးစားယုံကြည်ရသည့်အဖွဲ့အစည်းများ၊ မဝါဒီ ကွန်ယက် မိတ်ဖက်အဖွဲ့အစည်းများ၊ စာနယ်ဇင်း အဖွဲ့အစည်းများ နှင့် / သို့မဟုတ် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် အဖွဲ့များ၊ LGBTQI+ အသိုင်းအဝိုင်းအတွင်းမှ ထောက်ခံချက်။

**လျှောက်လွှာသင်တမ်း။** လျှောက်ထားသူ အရေအတွက်ပေါ် မူတည် (ရန်ပုံငွေ လက်ခံရရှိသူများ ရွေးချယ် သတ်မှတ်ပြီးပါက လျှောက်လွှာပိတ်မည်ဖြစ်သည်။)

**ပြုလုပ်ပေးသွားမည့် ထောက်ပံ့ကူညီမှု။** အနီးကပ်သင်ကြားပြသမှု၊ စိတ်ပိုင်းဆိုင်ရာ အကူအညီ၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အသိုင်းအဝိုင်း တည်ဆောက်ရေးနှင့် ပြပွဲတင်ဆက်နိုင်စရာ အခွင့်အလမ်းများ။